# သင်ယူမှုနယ်ပယ်အလိုက် မျှော်မှန်းရလဒ်နှင့် သင်ယူမှုရလဒ်များ

## ၁။ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်း

**မျှော်မှန်းရလဒ်(၁)** ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကို ရွေးချယ်စားသောက်တတ်သည့် အလေ့အထရှိကြောင်း ပြသသည်။

**သင်ယူမှုရလဒ်များ**

(က) အစားအစာအမျိုးမျိုးကိုသိရှိပြီး ရရှိနိုင်သောနေရာများကို ပြောပြနိုင်သည်။

(ခ) ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို ခွဲခြားနိုင်သည်။

(ဂ) မိသားစု အစားအစာ ပြင်ဆင်ချက်ပြုတ်ခြင်းနှင့် ထမင်းပွဲပြင်ဆင်ခြင်း လုပ်ငန်းများတွင် ကူညီသည်။

(ဃ) အစားစားရာတွင် ယဉ်ကျေးစွာ စားသောက်တတ်ကြောင်း ပြသည်။

**မျှော်မှန်းရလဒ်(၂)** မိမိ၏ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် မိမိပတ်ဝန်းကျင်သန့်ရှင်းရေးအတွက်ပါ နေ့စဉ် လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်လုပ်ဆောင်နိုင်စွမ်းရှိကြောင်းပြသသည်။

**သင်ယူမှုရလဒ်များ**

(က) တစ်ကိုယ်ရေသန့်ရှင်းရေး အလေ့အကျင့်ကောင်းများကို နေ့စဉ်ပုံမှန်လုပ်ဆောင်နိုင်သည်။

(ခ) အိမ်၊ ကျောင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ကူညီလုပ်ဆောင်သည်။

(ဂ) တစ်ကိုယ်ရေသန့်ရှင်းရေး အလေ့အကျင့်ကောင်းများကိုသိပြီး အခြားသူများကို ပြောပြနိုင်သည်။

**မျှော်မှန်းရလဒ်(၃)** မိမိကိုယ်ကို အန္တရာယ်မဖြစ်အောင် ရှောင်ကြဉ်နေထိုင်တတ်လာကြောင်းပြသသည်။

**သင်ယူမှုရလဒ်များ**

(က) အန္တရာယ်ကင်းအောင် လိုက်နာရမည့်စည်းကမ်းများနှင့် ဆောင်ရန်၊ ရှောင်ရန်များကို ပြောပြသည်။

(ခ) အန္တရာယ်ရှိသောအခြေအနေများကို သိပြီး မည်သို့တုံ့ပြန်ရမည်ကို ပြောပြသည်။

(ဂ) အိမ်၊ ကျောင်းနှင့် ရပ်ရွာတွင်တွေ့ရသော အန္တရာယ်များကို မိဘနှင့် ဆရာတို့အား အသိပေးသည်။

(ဃ) ပတ်ဝန်းကျင်တွင် တွေ့ရတတ်သော အန္တရာယ်ကင်းရှင်းရေး အချက်ပြသင်္ကေတများ၏ အဓိပ္ပာယ်ကို ပြောပြသည်။

(င) အရေးပေါ်အခြေအနေတွင် မိမိအမည်၊ မိဘအမည်၊ အသက်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်များကို သိသောသူ၊ ယုံကြည်သောသူအား ကောင်းစွာပြောပြနိုင်သည်။

(စ) သဘာဝဘေးအပါအဝင် အရေးပေါ်အခြေအနေနှင့်ကြုံလာသောအခါ လိုက်နာလုပ်ဆောင်ရမည့် ရိုးရှင်းလွယ်ကူသော နည်းလမ်းများကို ပြောပြသည်။

**မျှော်မှန်းရလဒ်(၄)** ကိုယ်လက်လှုပ်ရှားမှုလုပ်ငန်းများတွင် စိတ်ဝင်စားပြီး ပါဝင်လုပ်ဆောင်နိုင်သော စွမ်းရည်ရှိကြောင်း ပြသသည်။

**သင်ယူမှုရလဒ်များ**

(က) ကိုယ်လက်လှုပ်ရှားကစားရာတွင် စိတ်ဝင်စားစွာပါဝင်သည်။

(ခ) ကြွက်သားကြီးများကိုသုံး၍ လှုပ်ရှားလုပ်ဆောင်နိုင်စွမ်းရှိကြောင်း ပြသည်။

(ဂ) ကြွက်သားငယ်များကိုသုံး၍ လှုပ်ရှားလုပ်ဆောင်နိုင်စွမ်းရှိကြောင်း ပြသည်။

**မျှော်မှန်းရလဒ်(၅)** အခြေအနေအမျိုးမျိုးကို ကိုယ်စိတ်ကြံ့ခိုင်မှုရှိစွာဖြင့် ရင်ဆိုင်နိုင်စွမ်းရှိကြောင်း ပြသနိုင်သည်။

**သင်ယူမှုရလဒ်များ**

(က) ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အတူတကွလုပ်ဆောင်ရာတွင် ညီညွတ်စွာ ပူးပေါင်းလုပ်ဆောင်သည်။

(ခ) မိမိပတ်ဝန်းကျင်ရှိ အကူအညီရရှိနိုင်သော နေရာများနှင့် မိမိအား အကူအညီပေးနိုင်သောသူများကို ပြောပြသည်။

(ဂ) ကြုံတွေ့လာနိုင်သော အခက်အခဲများကို ဖြေရှင်းနိုင်ရန် မိမိကိုယ်ကိုယုံကြည်မှု ရှိကြောင်း ပြသသည်။

## ၂။ စာရိတ္တ၊ မိတ္တနှင့်စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း

**မျှော်မှန်းရလဒ်(၁)** မိမိကိုယ်မိမိ သင်ယူလေ့လာနိုင်စွမ်းရှိသူအဖြစ် ယုံကြည်မှုရှိကြောင်း ပြသသည်။

**သင်ယူမှုရလဒ်များ**

(က) မိမိကိုယ်မိမိသိရှိပြီး မိမိနှင့်အခြားသူများအကြား တူညီမှု၊ ကွဲပြားခြားနားမှုများကို ပြောပြနိုင်သည်။

(ခ) လုပ်ငန်းများကို အချိန်ပိုကြာမြင့်စွာ အာရုံစိုက်ပြီး လုပ်ကိုင်နိုင်သည်။

(ဂ) ပတ်ဝန်းကျင်ကို လွတ်လပ်စွာ စူးစမ်းလေ့လာသည်။

**မျှော်မှန်းရလဒ်(၂)** မိသားစုများ၊ အိမ်နီးချင်းများ၊ ရပ်ရွာအသိုင်းအဝိုင်းနှင့် အားကောင်းသော ဆက်ဆံရေးကို တည်ဆောက်ထားကြောင်း ပြသသည်။

**သင်ယူမှုရလဒ်များ**

(က) မိမိဘဝတွင် မိသားစုနှင့် မိတ်ဆွေသူငယ်ချင်းများ၏ အရေးပါမှုကို ဖော်ပြနိုင်သည်။

(ခ) လူကြီးများနှင့်လည်းကောင်း၊ သက်တူရွယ်တူများနှင့်လည်းကောင်း ပြေပြစ်စွာ ပြောဆိုဆက်သွယ်နိုင်သည်။ (မိမိနှင့် အခြားသူများအားလုံး၏ အခွင့်အရေးနှင့် တာဝန်များကို လေးစားအသိအမှတ်ပြုသည်။)

(ဂ) အခြားသူများနှင့်အတူတူ အလုပ်လုပ်ရာတွင် အခြေခံအားဖြင့် လိုက်နာရမည့် စည်းမျဉ်းများကို လိုက်နာသည်။

(ဃ) အခြားသူများနှင့်အတူတူ လုပ်ကိုင်ဆောင်ရွက်ရသည်ကို နှစ်သက်ကြောင်းပြ၍ အခြားသူများကို ဂရုစိုက်ကြောင်း ပြသသည်။

**မျှော်မှန်းရလဒ်(၃)** မြန်မာလူမျိုးတို့၏ တူညီသော တန်ဖိုးထားမှုများနှင့် တာဝန်ဝတ္တရားများကို သိရှိနားလည်ကြောင်း ပြသသည်။

**သင်ယူမှုရလဒ်များ**

(က) မိမိ၏အခွင့်အရေးနှင့် တာဝန်များကို လေးစားတန်ဖိုးထားကြောင်းနှင့် အခြားသူများ၏ အခွင့်အရေးနှင့် တာဝန်များကိုလည်း လေးစားကြောင်း ပြသသည်။

(ခ) မိမိနေထိုင်ရာ လူမှုဝန်းကျင်တွင် ကောင်းသောအမူအကျင့်များကို ပြသနိုင်သည်။

(ဂ) မိဘများ၊ ဆရာများနှင့် အခြားသူများအပေါ် လေးစားမှုနှင့် တာဝန်ရှိမှုများ ပြသသည်။

(ဃ) မိမိ၏ခံစားချက်များကို မိမိကိုယ်နှင့် အခြားသူများကို မထိခိုက်စေဘဲ ထိန်းချုပ်ပြသနိုင်သည်။

(င) အခြားလူ၏အပြုအမူသည် မိမိအပေါ် မလေးမစားဖြစ်နေပါက လေးလေးစားစား ပြောဆိုပြုမူရန် ရပ်တည်ချက်ခိုင်မာစွာ ဖော်ထုတ်တောင်းဆိုနိုင်သည်။

(စ) အနီးကပ်နေသောလူကြီးများ၏ အားပေးမှုဖြင့် လုပ်ငန်းများကို မိမိကိုယ်တိုင် အစပျိုး ပြုလုပ်တတ်လာသည်။

(ဆ) သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးကြောင်း ပြသသည်။

**မျှော်မှန်းရလဒ်(၄)** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတစ်ဦး၏ သီးသန့်လက္ခဏာများကိုသိရှိပြီး တိုင်းရင်းသား လူမျိုးစုအသီးသီး၏ တူညီမှုများနှင့် မတူကွဲပြားခြားနားမှုများကိုလည်း နားလည်ကာ လေးစားတန်ဖိုးထားကြောင်း ပြသည်။

**သင်ယူမှုရလဒ်များ**

(က) မိမိ မိသားစု၏ တန်ဖိုးထားမှုများနှင့် မိသားစုကိုယ်ပိုင်လက္ခဏာများကိုသိပြီး အခြားသောမိသားစုများ၏ မတူသော သီးသန့်လက္ခဏာများကိုလည်း ပြောပြတတ်သည်။

(ခ) မြန်မာနိုင်ငံ၏ အမှတ်သင်္ကေတများကိုသိပြီး ယင်းသင်္ကေတများ၏ ကိုယ်စားပြုမှုများကိုလည်း ပြောပြတတ်လာသည်။ (အလံ/ မြန်မာပြည်မြေပုံ/ နိုင်ငံတော်သီချင်း)

(ဂ) မိသားစုအတွင်း အစဉ်အလာအရ ကျင်းပသောပွဲတော်များတွင် တက်ကြွစွာ ပါဝင်ပြီး သက်ဆိုင်ရာလူမျိုး၏ ယဉ်ကျေးမှုကို လေးစားကြောင်းပြသသည်။

(ဃ) အခြားလူမျိုးစုများ၏ အစဉ်အလာအရ ကျင်းပသော ပွဲတော်များတွင် တက်ကြွစွာ ပါဝင်ပြီး သက်ဆိုင်ရာလူမျိုး၏ ယဉ်ကျေးမှုကို လေးစားကြောင်းပြသသည်။

(င) လူကြီးများ၏ ကူညီအားပေးမှုဖြင့် မိမိ၏ယဉ်ကျေးမှုဓလေ့များနှင့် အခြားလူများ၏ ယဉ်ကျေးမှု ဓလေ့များကို လေးစားတန်ဖိုးထားမှုရှိကြောင်း ပြသသည်။

၃။ **ပြောဆိုဆက်သွယ်ခြင်း**

**မျှော်မှန်းရလဒ်(၁)** အသံများ၊ စကားများကို အာရုံစိုက် နားထောင်တတ်သည်။(နားထောင်ခြင်း)

**သင်ယူမှုရလဒ်များ**

(က) စကားသံအမျိုးမျိုးကို နားထောင်၍ အသံများကို ခွဲခြားနိုင်သည်။ (ဥပမာ–တူ/မတူ၊ ကာရန်တူ၊ ဗျည်းအက္ခရာသံများ၊ ဏကားလုံး၊ အမည်၊ အစသံ)

(ခ) စကားလုံးများ၊ ဝါကျများကို နားထောင်၍ အသံအစိတ်အပိုင်းများအဖြစ် ခွဲထုတ်နိုင်သည်။ (ဥပမာ–ထမင်း=ထ+မင်း= အသံ ၂ သံ၊ ဆရာမလာတယ်=+++++ = ၅ သံ)

(ဂ) သီချင်း၊ ကဗျာများ၊ ပုံပြင်များ၊ ဇာတ်လမ်းများကို နားထောင်ပြီး အမူအရာဖြင့် သရုပ်ဆောင်ပြနိုင်သည်။

(ဃ) ရိုးရှင်းလွယ်ကူသောမေးခွန်းများကို နားထောင်ပြီး ဆီလျော်စွာတုံ့ပြန် ပြောဆိုနိုင်သည်။

(င) အများဆုံး အဆင့် ၃–ဆင့်ပါသော ညွှန်ကြားချက်များကို နားထောင်ပြီး ညွှန်ကြားချက်အတိုင်း မှန်ကန်စွာ အဆင့်ဆင့်လိုက်နာ ဆောင်ရွက်နိုင်သည်။

**မျှော်မှန်းရလဒ်(၂)** မိမိတို့အတွေ့အကြုံများ၊ ခံစားချက်များနှင့် လိုအပ်ချက်များကို တစ်ဖက်လူ နားလည်အောင် ပြောဆိုဆက်သွယ်ပုံအမျိုးမျိုးကိုသုံးပြီး ပြောဆိုဆက်သွယ်တတ်သည်။

**သင်ယူမှုရလဒ်များ**

(က) ဝါကျအပြည့် ပြောတတ်သည်။

(ခ) စကားလုံးအသစ်များ စမ်းသပ်အသုံးပြုတတ်သည်။

(ဂ) ကြားဖူးသောပုံပြင်များကို ပြန်ပြောတတ်သည်။

(ဃ) အခြားကလေးများပြောသော ပုံပြင်ကို မိမိစကားဖြင့် ပြန်ပြောတတ်သည်။

(င) တစ်တန်းလုံးနှင့်အတူ သီချင်းကဗျာများကို မှန်ကန်သွက်လက်စွာ ရွတ်ဆို၍ အမူအရာ ပြုလုပ်တတ်သည်။

(စ) ဆွေးနွေးမှုတွင်ပါဝင်ပြီး မေးခွန်းများမေးတတ်သည်။

(ဆ) မရှင်းလင်းသည်ကို ရှင်းပြရန် တောင်းဆိုတတ်သည်။

(ဇ) ဘာသာရပ်ဆိုင်ရာ အသုံးအနှုန်းအချို့ကို အသုံးပြုတတ်သည်။ (ဥပမာ– အရေအတွက်၊ အချိန်၊ အစီအစဉ်၊ အရောင်နှင့် အသက်အပိုင်းအခြား)

**မျှော်မှန်းရလဒ်(၃)** ပတ်ဝန်းကျင်ရှိ စာများ၊ ရုပ်ပြစာအုပ်များကို ဖတ်ရာမှတစ်ဆင့် စာများကို ဖတ်လာနိုင်သည်။ (စာဖတ်ခြင်း)

**သင်ယူမှုရလဒ်များ**

(က) ဖတ်စရာ စာအုပ်အမျိုးမျိုးနှင့် စာအုပ်တစ်အုပ်၏ အစိတ်အပိုင်းများကို ဖော်ထုတ်နိုင်သည်။

(ခ) ဖတ်စရာစာအုပ်ကို အနေအထား မှန်အောင်ကိုင်နိုင်ပြီး စာမျက်နှာများကို မှန်ကန်စွာ လှန်တတ်သည်။

(ဂ) စာဖတ်ရာတွင် ဖတ်သောစကားလုံးကို လက်ဖြင့်ထောက်ပြီး အသံထွက်၍ဖတ်သည်။

(ဃ) အသံနှင့် အက္ခရာ၊ စကားလုံးများကို ဆက်စပ်တတ်သည်။

(င) ရုပ်ပုံများကိုကြည့်ပြီး ပုံပြင်ကို ကြိုတင်ခန့်မှန်းနိုင်သည်။

(စ) ရုပ်ပုံများကို အဓိပ္ပာယ်ဖွင့်ပြီး ကိုယ်ပိုင်ပုံပြင်ဖြစ်အောင် ဖန်တီးနိုင်သည်။

(ဆ) ရုပ်ပုံကိုကြည့်ပြီး ရုပ်ပုံပါစကားစုများကို ဖတ်တတ်သည်။ (ဥပမာ–ကြောင်ကလေးပုံအောက်ရှိ 'ကြောင်' ဟူသော စကားလုံး)

(ဇ) ပတ်ဝန်းကျင်တွင် တွေ့မြင်နေကျ စကားလုံးများကို မှတ်မိ၍ ဖတ်တတ်သည်။

(ဈ) စာအုပ်များဖတ်ရသည်ကို စိတ်ဝင်စား၊ နှစ်သက်ကြောင်း ပြသသည်။

**မျှော်မှန်းရလဒ်(၄)** မိမိတို့၏ အတွေ့အကြုံများနှင့် စိတ်ကူးများကို ရုပ်ပုံဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ဖော်ပြတတ်သည်။ (စာရေးခြင်း)

**သင်ယူမှုရလဒ်များ**

(က) ခဲတံကို မှန်ကန်စွာ ကိုင်တတ်သည်။

(ခ) ပုံစံအမှန်ဖြင့်ထိုင်၍ စာရေးနိုင်သည်။

(ဂ) ရိုးရှင်းသောပုံများ၊ အက္ခရာများနှင့် မိမိအမည်ကို ကောက်ကြောင်းအတိုင်း လိုက်ရေးတတ်သည်။

(ဃ) မိမိပတ်ဝန်းကျင်မှ အက္ခရာများနှင့် ဂဏန်းများကို ကူးရေးတတ်သည်။

(င) လက်ချောင်း၊ စုတ်တံ၊ ဖယောင်းတောင့်များသုံးပြီး ပုံများရေးဆွဲခြင်းဖြင့် အက္ခရာများ စတင်ရေးတတ်လာသည်။

(စ) စာရေးရာတွင် ဘယ်မှညာ၊ အထက်မှအောက်သို့ ဦးတည်ချက်အမှန်ဖြင့် စတင်ရေးတတ်သည်။

(ဆ) အက္ခရာများ၊ ကိန်းများကို အရစ်အဆွဲမှန်ကန်စွာဖြင့် ရေးတတ်သည်။

(ဇ) အက္ခရာများကို ခွဲခြားသတ်မှတ်နိုင်သည်။

(ဈ) စာရေးရာတွင် စကားလုံးများကြားတွင် နေရာကွက်လပ်ရှိသည်ကို သိသည်။

(ည) စာရေးရန် စိတ်အားထက်သန်ကြောင်း ပြသည်။

(ဋ) မိမိ၏အတွေ့အကြုံ၊ ခံစားချက်များ၊ စိတ်ကူးများကို ပုံဆွဲ၍လည်းကောင်း၊ အမူအရာဖြင့်လည်းကောင်း ဖော်ထုတ်ပြသသည်။

(ဌ) စာရေးတမ်းကစားရင်း ပတ်ဝန်းကျင်မှာ တွေ့ရသောစာများကို ကူးရေးသည်။

(ဍ) ဆရာရေးပေးသော မိမိ၏ဝါကျများကို ဖတ်တတ်သည်။

## ၄။ သချ်ာအခြေခံများကို စူးစမ်းလေ့လာခြင်း

**မျှော်မှန်းရလဒ်(၁)** ကိန်းများတွက်ချက်မှုနှင့် ကိန်းများအချင်းချင်း ဆက်သွယ်မှုများကို စူးစမ်းလေ့လာတတ်သည်။

**သင်ယူမှုရလဒ်များ**

(က) နေ့စဉ်တွေ့နေသော အကောင်အထည်ရှိသည့် ပစ္စည်းများကို လက်တွေ့မှန်ကန်အောင် ရေတွက်တတ်သည်။ (၁ မှ ၂၀ အထိသာ)

(ခ) ပစ္စည်းအရေအတွက် မည်မျှရှိသည်ကို အနီးစပ်ဆုံး ခန့်မှန်းနိုင်သည်။

(ဂ) ကိန်းများကို အစီအစဉ်အလိုက်နှင့် နောက်ပြန် ရေတွက်တတ်သည်။

(ဃ) နေ့စဉ်အခြေအနေများနှင့်ဆက်စပ်ပြီး ကိန်းအမည်များကို အသုံးပြုတတ်သည်။

(င) ကိန်းအမည်များကိုသိပြီး ဖတ်တတ်သည်။

(စ) အရာဝတ္ထုများကို နှိုင်းယှဉ်ခြင်း၊ အစီအစဉ်အလိုက် စီခြင်းများ ပြုလုပ်နိုင်သည်။

(ဆ) နေရာအလိုက် အစီအစဉ်များကို ပထမ၊ ဒုတိယ၊ တတိယ အထိ ပြောတတ်သည်။

(ဇ) ကိန်းများကို ကူးရေးတတ်သည်။

**မျှော်မှန်းရလဒ်(၂)** ပုံစံများကို ရှာတတ်ပြီး၊ ကိုယ်တိုင်လည်း ပုံစံများကို ပြုလုပ်တတ်သည်။

**သင်ယူမှုရလဒ်များ**

(က) ပတ်ဝန်းကျင်တွင်တွေ့ရသော ပုံစံအမျိုးမျိုးကို ဖော်ထုတ်နိုင်ပြီး ပုံတူကူးနိုင်သည်။

(ခ) အရာဝတ္ထုပစ္စည်းများကို အရောင်၊ ပုံသဏ္ဌာန်အရွယ်အစားပေါ်မူတည်၍ ခွဲခြားနိုင်ပြီး တူရာစုစည်းနိုင်သည်။

(ဂ) ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများ၊ ပစ္စည်းများ၏ ပုံစံများကိုကူးယူပြီး မိမိစိတ်ကူးဖြင့် ဆက်လက်ပုံဖော်တတ်သည်။

(ဃ) ရိုးရှင်းလွယ်ကူသော ပုံစံများကို ဝတ္ထုပစ္စည်းများ အသုံးပြု၍သော်လည်းကောင်း၊ ရုပ်ပုံ ရေးဆွဲ၍သော်လည်းကောင်း၊ ကိုယ်ခန္ဓာလှုပ်ရှားမှုဖြင့်သော်လည်းကောင်း ဖော်ပြနိုင်သည်။

**မျှော်မှန်းရလဒ်(၃)** ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများ၏ တည်နေရာများနှင့် ပုံသဏ္ဌာန်များကို ပြောတတ်သည်။

**သင်ယူမှုရလဒ်များ**

(က) အရာဝတ္ထုများ၏ တည်နေရာများကို သတ်မှတ်ပြောပြနိုင်သည်။

(ခ) ပြင်ညီပုံ/ထုပုံများ ပုံသဏ္ဌာန်၊ အမည်များကိုသိပြီး ကိုယ်တိုင် ရေးဆွဲတတ်သည်။

(ဂ) ပြင်ညီပုံ/ထုပုံများကို အမျိုးအစား ခွဲခြားခြင်း၊ နှိုင်းယှဉ်ခြင်း ပြုလုပ်နိုင်သည်။

(ဃ) ပတ်ဝန်းကျင်တွင် တွေ့ရသောပုံများကို ခေါက်ချိုးညီမှုရှိ/မရှိ ခွဲခြားတတ်သည်။



DBE BOX

**မျှော်မှန်းရလဒ်(၄)** တိုင်းတာခြင်းဆိုင်ရာ အခြေခံသဘောတရားများကို လက်တွေ့ဘဝတွင် သုံးတတ်လာသည်။

**သင်ယူမှုရလဒ်များ**

(က) လက်တွေ့ဘဝတွင် အချိန်နှင့်ပတ်သက်၍ သုံးလေ့ရှိသော အသုံးအနှုန်းများကို မှန်မှန်ကန်ကန်သုံးနိုင်သည်။

(ခ) အချိန်များကို နှိုင်းယှဉ်နိုင်သည်။

(ဂ) နေ့စဉ်ဘဝ အဖြစ်အပျက်များကို စနစ်တကျ ပြောတတ်သည်။

(ဃ) တစ်ပတ်အတွင်းရှိ နေ့များ၊ တစ်နှစ်အတွင်းရှိ လများကို ပြောနိုင်သည်။

(င) အရာဝတ္ထုများ၏ အရှည်၊ အကျယ်၊ အမြင့်တို့ကို စံပြုမထားသော တိုင်းတာမှုပစ္စည်းများဖြင့်ခန့်မှန်းခြင်း၊ နှိုင်းယှဉ်ခြင်း၊ တိုင်းတာခြင်းတို့ကို ပြုလုပ်နိုင်သည်။

(စ) အရာဝတ္ထုများ၏ အလေးချိန်များကို စံသတ်မှတ်မထားသော တိုင်းတာမှုပစ္စည်းများဖြင့် ခန့်မှန်းခြင်း၊ နှိုင်းယှဉ်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

(ဆ) အရည်များ၏ထုထည်ကို စံသတ်မှတ်မထားသော တိုင်းတာမှုပစ္စည်းများဖြင့် ခန့်မှန်းခြင်း၊ နှိုင်းယှဉ်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

**မျှော်မှန်းရလဒ်(၅)** ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို စုဆောင်းလေ့လာပြီး အဓိပ္ပာယ်အမျိုးမျိုးရှိအောင် ပြုလုပ်တတ်သည်။

**သင်ယူမှုရလဒ်များ**

(က) ပတ်ဝန်းကျင်ရှိ အရာဝတ္ထုအမျိုးမျိုးကို စုဆောင်းတတ်သည်။ တူရာစုတတ်သည်။

(ခ) စုဆောင်းသော ပစ္စည်းများဖြင့် ပုံဖော်တတ်သည်။

(ဂ) ပုံဖော်ထားမှုနှင့် ပတ်သက်သော မေးခွန်းများကို ဖြေတတ်သည်။

## ၅။ **အနုပညာရသခံစားခြင်းနှင့် တီထွင်ဖန်တီးခြင်း**

**မျှော်မှန်းရလဒ်(၁)** လွတ်လပ်စွာကစားခြင်းနှင့် အတုလုပ်တမ်းကစားခြင်းတို့ကို ပြုလုပ်နိုင်စွမ်းရှိကြောင်း ပြသသည်။

**သင်ယူမှုရလဒ်များ**

(က) အခြားကလေးများနှင့်အတူတူ ပူးပေါင်းလုပ်ဆောင် ကစားနိုင်သည်။

(ခ) စိတ်ကူးဖြင့် ကစားရသည်များကို အချိန်ကြာကြာ ကစားနိုင်သည်။ (မိသားစုဘဝအကြောင်း၊ လူကြီးများနှင့် အပြန်အလှန်ဆက်သွယ်ခြင်း အကြောင်းများ)

(ဂ) ပတ်ဝန်းကျင်တွင်ရှိသော ပစ္စည်းများကိုသုံး၍ တည်ဆောက်ကစားခြင်းများကို လွတ်လပ်စွာ စိတ်ကူးပုံဖော် ကစားတတ်သည်။ (ဘူးများ၊ ကြိုးများ၊ တုတ်ချောင်းများ၊ ကျောက်တုံးများ)



DBE BOX

**မျှော်မှန်းရလဒ်(၂)** ပုံဆွဲခြင်း၊ ဆေးခြယ်ခြင်း၊ ပုံဖော်ခြင်းများအပါအဝင် အမြင်အာရုံဆိုင်ရာ အနုလက်မှုလုပ်ငန်းများကို နှစ်သက်ခံစားတတ်ပြီး ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသသည်။

**သင်ယူမှုရလဒ်များ**

(က) အဝိုင်းအခြေခံလူပုံများ၊ တိရစ္ဆာန်ပုံများနှင့် သစ်ပင်ပုံများကို ရေးဆွဲတတ်သည်။

(ခ) လက်တွေ့ဘဝတွင် တွေ့မြင်ဖူးသည့် ရုပ်ပုံများ၊ မြင်ကွင်းများကို ရေးဆွဲတတ်သည်။

(ဂ) ရွှံ့၊ သဲ၊ ဂျုံ၊ စက္ကူ စသည့်ပစ္စည်းများကိုသုံး၍ ရုပ်ပုံများ၊ ပုံသဏ္ဌာန်များကို အသေးစိတ် ပုံဖော်နိုင်သည်။

**မျှော်မှန်းရလဒ်(၃)** ဂီတ၊ အကနှင့် သရုပ်ဆောင်မှုများကို နှစ်သက်ခံစားတတ်ပြီး ဖန်တီးနိုင်စွမ်းရှိကြောင်း၊ လုပ်နိုင်စွမ်းရှိကြောင်း ပြသသည်။

**သင်ယူမှုရလဒ်များ**

(က) သီချင်းများကို ကာရန်နှင့်အညီ ဆိုခြင်း၊ ကခြင်းနှင့် လက်ခုပ်တီးခြင်းတို့ကို လူကြီးများ၊ အခြားကလေးများနှင့်အတူ ပြုလုပ်နိုင်သည်။

(ခ) အသံထွက်စေနိုင်သော ပစ္စည်းများကိုသုံး၍ စည်းချက်နှင့်အညီ စုပေါင်းတီးခတ်နိုင်သည်။

(ဂ) ပုံပြင်များကို လူကြီးအကူအညီဖြင့် အမူအရာဖြင့် သရုပ်ဆောင်ပြတတ်သည်။

(ဃ) အမူအရာဖြင့် လုပ်ဆောင်ပြရန် ပုံပြင်များကို တီထွင်တတ်သည်။

(င) ပုံပြင်တွင်ပါသော တိရစ္ဆာန်များ၊ သစ်ပင်များနှင့် အရာဝတ္ထုများ၏ လှုပ်ရှားမှုများအတိုင်း လှုပ်ရှားတတ်သည်။

**မျှော်မှန်းရလဒ်(၄)** ကြုံတွေ့ရသော အခြေအနေများအတွက် နည်းလမ်းအမျိုးမျိုး ဖန်တီး ဖြေရှင်းတတ်သော အရည်အချင်းရှိကြောင်း ပြသသည်။

**သင်ယူမှုရလဒ်များ**

(က) ဘာကြောင့်၊ ဘယ်လိုစသည့် မေးခွန်းအမျိုးမျိုးကို မေးတတ်သည်။

(ခ) အခက်အခဲများ ကြုံလာပါကဖြေရှင်းနည်းအမျိုးမျိုး (နည်းလမ်းအမျိုးမျိုး) စမ်းသပ်ကြည့်တတ်သည်။

(ဂ) အဖြေအမျိုးမျိုးကို ရှာတတ်ပြီး အကောင်းဆုံးနည်းလမ်းကို ရွေးချယ်ဆောင်ရွက်နိုင်သည်။

၆။ **ပတ်ဝန်းကျင်လောကကိုသိရှိနားလည်ခြင်း**

**မျှော်မှန်းရလဒ်(၁)** သဘာဝပတ်ဝန်းကျင်ကို စူးစမ်းလေ့လာနိုင်စွမ်းရှိကြောင်း ပြသသည်။ (ပတ်ဝန်းကျင်၊ တိရစ္ဆာန်များ၊ အပင်များ၊ သက်ရှင်ရပ်တည်မှုများ)

**သင်ယူမှုရလဒ်များ**

(က) တိရစ္ဆာန်များ၊ သစ်ပင်များအကြောင်းသိရှိပြီး လူသားများနှင့် အပြန်အလှန်ဆက်သွယ်ပုံကို ပြောပြနိုင်သည်။

(ခ) လူကြီးများ၏ အကူအညီဖြင့် စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်းများကို ပြုလုပ်နိုင် ကြောင်းပြသသည်။

(ဂ) ပတ်ဝန်းကျင်၊ တိရစ္ဆာန်များနှင့် သစ်ပင်များကို တန်ဖိုးထားကြောင်း ပြသနိုင်သည်။

(ဃ) သဘာဝပတ်ဝန်းကျင်ကို စူးစမ်းလေ့လာပြီး ခွဲခြမ်းစိတ်ဖြာနိုင်ကြောင်း ပြသနိုင် သည်။

(င) သိပ္ပံနည်းကျဖြစ်စဉ်များကို စမ်းသပ်လုပ်ကိုင်ခြင်းဖြင့်လည်းကောင်း၊ ကြည့်ရှုလေ့လာ ခြင်းဖြင့်လည်းကောင်း သိရှိကြောင်းပြသနိုင်သည်။

(စ) သန့်ရှင်းသော သောက်သုံးရေကို ရွေးချယ်အသုံးပြုရန် အရေးကြီးကြောင်းရှင်းပြ နိုင်သည်။

**မျှော်မှန်းရလဒ်(၂)** ပစ္စည်းများကို ပြုလုပ်ရာတွင် အသုံးပြုထားသော နည်းပညာ၊ အတတ်ပညာ များကိုစူးစမ်းလိုကြောင်းပြသသည်။

**သင်ယူမှုရလဒ်များ**

(က) ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရေးအတွက် အတတ်ပညာ၊ နည်းပညာ၏ တန်ဖိုးကိုသိရှိကြောင်း ပြသည်။

(ခ) အရာဝတ္ထုများ၊ ပစ္စည်းများကို အာရုံငါးပါးသုံးပြီး စူးစမ်းလေ့လာနိုင်သည်။

(ဂ) ပစ္စည်းကိရိယာများကို သတိရှိစွာ၊ နားလည်စွာ လက်တွေ့ကိုင်တွယ် အသုံးပြုနိုင် သည်။

**မျှော်မှန်းရလဒ်(၃)** အချိန်နှင့်နေရာကို အခြေခံ၍ မိမိ၏ ပတ်ဝန်းကျင်ဒေသအကြောင်း စူးစမ်းလေ့လာ တတ်လာသည်။

**သင်ယူမှုရလဒ်များ**

(က) ပုံပြင်များတွင်ပါဝင်သော ရှေးအခါက လူများနှင့် နေရာဒေသများ၏ ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို ပြောပြနိုင်သည်။

(ခ) နေရာဒေသများသည်လူများအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိကြောင်း ပြောပြ နိုင်သည်။

(ဂ) သဘာဝဘေးအန္တရာယ်ဖြစ်ရပ်များနှင့် ယင်းတို့ကလူများ၏ဘဝကို မည်သို့ သက်ရောက်စေသည်ကိုနားလည်ကြောင်း ပြသနိုင်သည်။ (ဆိုင်ကလုန်းမုန်တိုင်း၊ ရေကြီးခြင်း၊ မိုးကြိုးပစ်ခြင်း)

(က) ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရေးအတွက် အတတ်ပညာ၊ နည်းပညာ၏ တန်ဖိုးကိုသိရှိကြောင်း ပြသည်။



DBE BOX

# အပိုင်း(က) သူငယ်တန်း ဆရာလမ်းညွှန်မော်ဂျူးအတွက် ဆရာ၊ဆရာမများ သင်ကြားမှုကိုကြည့်ရှုလေ့လာခြင်းစစ်ဆေးပုံစံ

| ရည်ရွယ်ချက်များ | လက်ရှိအဆင့် အခြေခံအညွှန်းကိန်းများ (သတ်မှတ်အဆင့်အောက်) | အကဲဖြတ် | လေ့လာပြီးနောက်ပြောင်းလဲမှု ဦးစွာရရှိလာသည့် အညွှန်းကိန်းများ (ထိရောက်သင်ယူ) | အကဲဖြတ် | အကောင်းဆုံးအဆင့် မျှော်မှန်းထားသည့် တတ်ကျွမ်းမှု အညွှန်းကိန်းများ | အကဲဖြတ် |
|---|---|---|---|---|---|---|
| ၁။ ဆရာသည် သူငယ်တန်း ကလေးများ၏ သဘောသဘာဝများနှင့် သင်ယူဖွံ့ဖြိုးပုံများကို သိရှိနားလည်ပြီး ကလေးများ ဘက်စုံဖွံ့ဖြိုးရေး အတွက် ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများနှင့် ထပ်ဆောင်းအားဖြည့် ချဲ့ထွင်နိုင်မည့် နည်းလမ်းများကို သိရှိပြီး စီစဉ်အကောင်အထည်ဖော်သည်။ | ၁-၁။ သူငယ်တန်း ကလေးများ၏ သဘောသဘာဝများနှင့် သင်ယူဖွံ့ဖြိုးမှုဖြစ်စဉ်ကို ကောင်းစွာနားလည်မှုမရှိသဖြင့် ကျောင်းသားများ၏ လွတ်လပ်စွာ သင်ယူမှု စွမ်းရည်ဖွံ့ဖြိုးစေရန် ဆောင်ရွက်နိုင်ခြင်း မရှိပါ။ | | ၁-၁။ ဆရာသည် နည်းလမ်းအမျိုးမျိုးနှင့် အကြောင်းအရာအမျိုးမျိုးကို အသုံးပြုပြီး ကလေးများ ဘက်စုံဖွံ့ဖြိုးရန် သင်ယူရန် အခွင့်အလမ်းများ ဖန်တီးပေးသည်။ | | ၁-၁။ ကလေးများ၏ စိတ်ဝင်စားမှုကို အခြေခံပြီးရှိရင်းစွဲ အသိပညာများ၊ အတွေ့အကြုံများပေါ်တွင် အခြေခံပြီးစူးစမ်းလေ့လာမှု လုပ်ငန်းများနှင့် သင်ယူမှုလုပ်ငန်းစဉ်များတွင်တက်ကြွစွာ ပါဝင်ဆောင်ရွက်ခွင့် ရရှိအောင် ဖန်တီးဆောင်ရွက်ပေးသည်။ | |
| | ၁-၂။ ကလေးများ ဘက်စုံဖွံ့ဖြိုးရန် ဆောင်ရွက်ပေးရမည့် နည်းလမ်းများကို မသိရှိ၍ မလုပ်ဆောင်ပါ။ | | ၁-၂။ ကလေးများ ဘက်စုံဖွံ့ဖြိုးရန်နှင့် အသိသညာများရရှိစေရန် သင်ကြား သင်ယူမှုလုပ်ငန်းများ ဆောင်ရွက်ရာ တွင် မည်သည့် သင်ကြားနည်းနှင့် မည်သည့် သင်ယူမှုလုပ်ငန်းများ ရွေးချယ်ဆောင်ရွက်ရမည်ကို နားလည်သဘောပေါက်သည်။ | | ၁-၂။ ကလေးတစ်ဦးချင်းစီနှင့်သင့်လျော်သော ထက်သန်တက်ကြွစွာသင်ယူနိုင်သည့် သင်ယူမှုအစီအစဉ်များ ဆောင်ရွက်ရာတွင် ကလေးဖွံ့ဖြိုးမှုနှင့်သင်ယူမှုအသိပညာများကိုလက်တွေ့အသုံးပြု၍ ကျောင်းသားတိုင်း သင်ယူမှုကို နှစ်သက်လိုလားသော သင်ယူမှုဝန်းကျင်မျိုးကို ဖန်တီးဆောင်ရွက်ပေးသည်။ | |

| ရည်ရွယ်ချက်များ | လက်ရှိအဆင့်<br>အခြေခံအညွှန်းကိန်းများ (သတ်မှတ်အဆင့်အောက်) | အကဲဖြတ် | လေ့လာပြီးနောက်ပြောင်းလဲမှု<br>ဦးစွာရရှိလာသည့် အညွှန်းကိန်းများ (ထိရောက်သင်ယူ) | အကဲဖြတ် | အကောင်းဆုံးအဆင့်<br>မျှော်မှန်းထားသည့် တတ်ကျွမ်းမှု အညွှန်းကိန်းများ | အကဲဖြတ် |
|---|---|---|---|---|---|---|
| ၂။ သူငယ်တန်းသင်ရိုးညွှန်းတမ်း၏ သဘောသဘာဝနှင့် သင်ရိုးပါ နယ်ပယ်များအကြောင်းကို နားလည် သဘောပေါက်ပြီး ထိရောက်သေချာစွာ ဆောင်ရွက်သည်။ | ၂။ ဆရာသည် သင်ရိုးညွှန်းတမ်း၏ သဘောသဘာဝများကို ကောင်းစွာ နားလည်သဘောပေါက်မှု မရှိပါ။ | | ၂။ သင်ရိုးညွှန်းတမ်းကို နားလည် သဘောပေါက်ပြီး သင်ယူဖွံ့ဖြိုးမှု နယ်ပယ် (၆)ခုနှင့် နယ်ပယ်တစ်ခုချင်းအလိုက် သတ်မှတ်ထားသော မျှော်မှန်းရလဒ်များကို နားလည် သဘောပေါက် လာသည်။ | | ၂။ သူငယ်တန်းသင်ရိုးညွှန်းတမ်း၏ ရည်မှန်း ချက်များအတိုင်း ကလေးများ ဘက်စုံ ဖွံ့ဖြိုးမှုများ ရရှိရန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။ | |
| ၃။ သူငယ်တန်းကလေးများ သင်ယူဖွံ့ဖြိုးမှုဖြစ်လာစေရန်အတွက်ကလေးဗဟိုပြု ချဉ်းကပ်နည်းနှင့် ကစားခြင်းဖြင့် သင်ယူနည်းများကို အသုံးပြုပြီး ကူညီပံ့ပိုးပေးသည်။ | ၃–၁။ သူငယ်တန်းကလေးများ သင်ယူ ဖွံ့ဖြိုးမှုဖြစ်လာစေရန် ကလေးဗဟိုပြု ချဉ်းကပ်နည်းနှင့် ကစားခြင်းဖြင့် သင်ယူနည်းများ အသုံးမပြုပါ။ | | ၃–၁။ ကလေးဗဟိုပြုချဉ်းကပ်နည်းဖြင့် သင်ကြားခြင်း၊ ကစားခြင်း၊ ပြဿနာ ဖြေရှင်းခြင်း၊ အတွေ့အကြုံများမှ တစ်ဆင့် သင်ယူခြင်းနှင့် သင်ယူမှု အထောက်အကူပစ္စည်းများကို အသုံးပြု သင်ကြားသည်။ | | ၃–၁။ ကျောင်းသားများ ထက်သန်တက်ကြွစွာ သင်ယူနိုင်သည့် ကလေးဗဟိုပြုချဉ်းကပ်နည်းနှင့် ကစားခြင်းဖြင့် သင်ယူနည်းများကို တီထွင်ပြီးလက်တွေ့အသုံးပြုသည်။ | |
| | ၃–၂။ စာသင်ခန်းအတွင်း စိတ်အား ထက်သန်မှုကိုဖြစ်စေပြီး ပံ့ပိုးကူညီပေးသော သင်ယူမှုဝန်းကျင်မျိုး မဖန်တီးပေးပါ။ | | ၃–၂။ ကျောင်းသားများအတွက်ဆီလျော်သော စိတ်ဝင်စားမှု ဖြစ်စေသော သင်ယူမှုပစ္စည်းများပေးခြင်း၊ စာသင်ခန်းတွင်း ခင်းကျင်းပြသခြင်းအပြင် သင့်လျော်သော သင်ယူမှုဆိုင်ရာပံ့ပိုး ကူညီမှုများကိုလည်းပြုလုပ်ပေးသည်။ | | ၃–၂။ ကျောင်းသားအားလုံး စိတ်ဝင်စားမှု ဖြစ်စေပြီး ကျောင်းသားတိုင်း ကိုယ်စီ သင်ယူမှုကို နှစ်သက်လိုလားသော စာသင်ခန်းအတွင်း ပိုမိုကောင်းမွန်သော သင်ယူမှု ဝန်းကျင်မျိုးကို ဖန်တီးပေးသည်။ | |
| ၄။ သင်ယူဖွံ့ဖြိုးမှုနယ်ပယ် (၆)ခု–ကို သိရှိပြီး နယ်ပယ် တစ်ခုချင်းအလိုက် သင်ယူမှုလုပ်ငန်းများကို လက်တွေ့ အသုံးပြုသည်။ | ၄။ သင်ယူမှုဖွံ့ဖြိုးမှုနယ်ပယ် (၆)ခုတွင်ပါဝင်သော လုပ်ငန်းများကို မပြု လုပ်ပါ။ | | ၄။ သင်ယူဖွံ့ဖြိုးမှုနယ်ပယ် (၆)ခုတွင် ပါဝင်သော လုပ်ငန်းအချို့တွင် အသုံးပြုသည်။ | | ၄။ သင်ယူဖွံ့ဖြိုးမှုနယ်ပယ် (၆)ခုတွင် ပါဝင်သော အကြောင်းအရာများနှင့် ကိုက်ညီသည့် သင်ယူမှုလုပ်ငန်းများကို စီစဉ်လက်တွေ့ဆောင်ရွက်သည်။ | |

နောက်ဆက်တွဲ(ခ)

| ရည်ရွယ်ချက်များ | လက်ရှိအဆင့် အခြေခံအညွှန်းကိန်းများ (သတ်မှတ်အဆင့်အောက်) | အကဲဖြတ် | လေ့လာပြီးနောက်ပြောင်းလဲမှု ဦးစွာရရှိလာသည့် အညွှန်းကိန်းများ (ထိရောက်သင်ယူ) | အကဲဖြတ် | အကောင်းဆုံးအဆင့် မျှော်မှန်းထားသည့် တတ်ကျွမ်းမှု အညွှန်းကိန်းများ | အကဲဖြတ် |
| --- | --- | --- | --- | --- | --- | --- |
| ၅-၁။ သူငယ်တန်းဆရာများသည် သင်ယူမှုလုပ်ငန်းသုံးမျိုးကို ဟန်ချက်ညီညီပေါင်းစပ်ပြီး နေ့စဉ်လုပ်ငန်းများ စီစဉ်ပြုလုပ်သည်။ | ၅-၁။ ဆရာသည် တစ်နေ့တာ အစီအစဉ်ကို ပြုလုပ်သည်။ သင်ယူမှု လုပ်ငန်းသုံးမျိုးကို မသိပါ။ | | ၅-၁။ သင်ယူမှုလုပ်ငန်းသုံးမျိုးကို သိရှိပြီး တစ်နေ့တာအစီအစဉ်များတွင် ထည့်သွင်းအသုံးပြုသည်။ | | ၅-၁။ သင်ယူမှုလုပ်ငန်းသုံးမျိုးကို လုပ် ဆောင်တတ်ပြီး တစ်နေ့တာအစီအစဉ်များတွင် ဟန်ချက်ညီညီပေါင်းစပ်ပြီး စီစဉ်ပြုလုပ်သည်။ | |
| ၅-၂။ အကြောင်းအရာအခြေပြု ပေါင်းစပ် ချဉ်းကပ်နည်းကိုသိရှိပြီး သင်ကြားရေး အစီအစဉ်များ လက်တွေ့ရေးဆွဲအသုံးချသည်။ | ၅-၂။ အကြောင်းအရာအခြေပြု ပေါင်းစပ် ချဉ်းကပ်နည်းအရ ပြုစုရေးဆွဲထားသော သင်ပြမှုပုံစံကို သဘောမပေါက်ပါ။ | | ၅-၂။ သင်ယူဖွံ့ဖြိုးမှုနယ်ပယ် (၆)ခုတွင် ကလေးများရရှိသွားမည့် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်သဘောထားများကို သင်ယူရန်အတွက် လုပ်ငန်းများကို အကြောင်းအရာ အခြေပြု ပေါင်းစပ်ချဉ်းကပ်နည်းကို အသုံးပြုသည်။ | | ၅-၂။ သူငယ်တန်းစာသင်နှစ်တွင် သင်ကြားရမည့်ခေါင်းစဉ်(၁၅) ခုကို နယ်ပယ်တစ်ခုချင်း အလိုက် မူလရည်ရွယ်ချက် မပျောက်စေဘဲ အကြောင်းအရာအခြေပြု ပေါင်းစပ် ချဉ်းကပ်နည်းအရ သင်ယူမှု ကွန်ရက်ရေးဆွဲ၍ သင်ကြားရေးအစီအစဉ်များကိုဆောင်ရွက်သည်။ | |
| ၅-၃။ သူငယ်တန်းကလေးများအတွက် သင်ယူရန်နေရာများမသိရှိပြီးအမှန်တကယ်ပြုလုပ်ပေးရန် လိုအပ်သော သင်ယူရန်နေရာများကို ပြင်ဆင်ပြုလုပ်သည်။ | ၅-၃။ စာသင်ခန်းတွင် သင်ယူရန်နေရာများကို မထားရှိပါ။ | | ၅-၃။ သင်ယူရန်နေရာများထားရှိခြင်း၏ အကျိုးကျေးဇူးများကိုသိရှိပြီး ကျောင်းသားအားလုံးအတွက် ထိရောက်သော သင်ထောက်ကူပစ္စည်း အများအပြား ဖန်တီးပေးသည်။ | | ၅-၃။ ကျောင်းသားအားလုံး စိတ်ဝင်စားမှုဖြစ်စေပြီး ကျောင်းသားတိုင်း ကိုယ်တိုင် သင်ယူမှုကို နှစ်သက်လိုလားသော စာသင်ခန်းတွင်း သင်ယူမှုဝန်းကျင်မျိုးကိုဖန်တီးပေးသည်။ | |
| ၆။ ဆရာသည် သူငယ်တန်းကလေးများအား သင်ကြားနေစဉ် ကြည့်ရှုလေ့လာ၍ မှတ်တမ်းထားရှိပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။ | ၆-၁။ ကလေးများအား သင်ကြားနေစဉ် ကြည့်ရှုလေ့လာခြင်း မရှိပါ။ | | ၆-၁။ ကလေးများအားသင်ကြားနေစဉ် ကြည့်ရှုလေ့လာ၍ တစ်ဦးချင်းကို သင်ယူမှု မှတ်တမ်းထားရှိသည်။ | | ၆-၁။ ကလေးများအား သင်ကြားနေစဉ် ကြည့်ရှုလေ့လာ၍ တစ်ဦးချင်းကို သင်ယူမှု မှတ်တမ်းထားရှိပြီး လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည်။ | |

| ရည်ရွယ်ချက်များ | လက်ရှိအဆင့် | အကဲဖြတ် | လေ့လာပြီးနောက်ပြောင်းလဲမှု | အကဲဖြတ် | အကောင်းဆုံးအဆင့် | အကဲဖြတ် |
|---|---|---|---|---|---|---|
| | အခြေခံအညွှန်းကိန်းများ (သတ်မှတ်အဆင့်အောက်) | | ဦးစွာရရှိလာသည့် အညွှန်းကိန်းများ (ထိရောက်သင်ယူ) | | မျှော်မှန်းထားသည့် တတ်ကျွမ်းမှု အညွှန်းကိန်းများ | |
| ၇။ သူငယ်တန်းကလေးများ ကြုံတွေ့ရနိုင်သည့် အကူးအပြောင်းကာလ အခက်အခဲများကို ကျော်လွှားလွန်မြောက်နိုင်ရန် မိဘများနှင့် ပူးပေါင်းဆောင်ရွက် ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်သည်။ | ၇-၁။ သူငယ်တန်းကလေးများ ကြုံတွေ့ရနိုင်သည့် အကူးအပြောင်းကာလ အခက်အခဲများကို မသိပါ။<br>၇-၂။ ကလေးများ၏ အကူးအပြောင်းကာလ အခက်အခဲကို ကျော်လွှားစေနိုင်သည့် လုပ်ငန်းများကို လုပ်ဆောင်ပေးနိုင်ခြင်း မရှိပါ။<br>၇-၃။ ကလေး၏ အကူးအပြောင်းကာလ အခက်အခဲများအတွက် မိဘများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမပြုလုပ်ပါ။ | | ၇။ သူငယ်တန်းကလေးများ ကြုံတွေ့ရနိုင်သည့် အကူးအပြောင်းကာလ အခက်အခဲများကို နားလည်ပြီး ကူညီပံ့ပိုး ပေးတတ်လာသည်။ | | ၇။ သူငယ်တန်းကလေးများ ကြုံတွေ့ရနိုင်သည့် အကူးအပြောင်းကာလ အခက်အခဲများကို နားလည်ပြီး ကူညီပံ့ပိုးပေးတတ်လာသည့်အပြင် မိဘများနှင့် ပူးပေါင်း၍ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်တတ်လာသည်။ | |

## အပိုင်း(ခ) သူငယ်တန်း ဆရာလမ်းညွှန်မော်ဂျူးအတွက် ကျောင်းသား၊ကျောင်းသူများ သင်ယူမှုကိုကြည့်ရှုလေ့လာခြင်း စစ်ဆေးပုံစံ

| ရည်ရွယ်ချက်များ | လက်ရှိအဆင့် | အကဲဖြတ် | လေ့လာပြီးနောက်ပြောင်းလဲမှု | အကဲဖြတ် | အကောင်းဆုံးအဆင့် | အကဲဖြတ် |
|---|---|---|---|---|---|---|
| | အခြေခံအညွှန်းကိန်းများ (သတ်မှတ်အဆင့်အောက်) | | ဦးစွာရရှိလာသည့် အညွှန်းကိန်းများ (ထိရောက်သင်ယူ) | | မျှော်မှန်းထားသည့် တတ်ကျွမ်းမှု အညွှန်းကိန်းများ | |
| ၁။ ကလေးများသည် စိတ်ဝင်စားမှုကို အခြေခံပြီး ရှိရင်းစွဲ အသိပညာများ၊ အတွေ့အကြုံများနှင့် စူးစမ်းလေ့လာမှု လုပ်ငန်းများတွင် တက်ကြွစွာပါဝင် လုပ်ဆောင်ခြင်းဖြင့် သင်ယူဖွံ့ဖြိုးလာကြသည်။ | ၁။ ကလေးများသည် လွတ်လပ်စွာ သင်ယူဖွံ့ဖြိုးရန် အခွင့်အလမ်း မရှိပါ။ | | ၁။ ကလေးများသည် စိတ်ဝင်စားပျော်ရွှင်ဖွယ်ကောင်းသော သင်ယူမှု လုပ်ငန်းများတွင် ပါဝင်လုပ်ဆောင် လေ့ရှိသည်။ | | ၁။ ကလေးများသည် စိတ်ဝင်စားပျော်ရွှင်ဖွယ်ကောင်းသော သင်ယူမှုလုပ်ငန်းများတွင် အပြည့်အဝပါဝင် လုပ်ဆောင်ခြင်းဖြင့် ဘက်စုံဖွံ့ဖြိုးလာကြသည်။ | |
| ၂။ သူငယ်တန်းကလေးများသည် တက်ကြွစွာသင်ယူပြီး စိတ်အားထက်သန်စွာပါဝင်ဆောင်ရွက်ကြသည်။ | ၂။ သူငယ်တန်းကလေးများသည် ဆရာပြောသမျှ နားထောင်ပြီး မေးမြန်းသမျှကို ပြန်လည်ပြောဆိုနိုင်ခြင်းမရှိပါ။ ကစားရာတွင် ပါဝင်ခြင်း မရှိပါ။ | | ၂။ ကျောင်းသားများကိုယ်တိုင် တက်ကြွစွာ သင်ယူပြီး စိတ်ဝင်–စားပျော်ရွှင် ဖွယ် ကောင်းသော သင်ယူမှုလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ကြသည်။ | | ၂။ ကျောင်းသားများသည် ထက်သန် တက်ကြွစွာ သင်ယူခြင်းဖြင့် ဘက်စုံဖွံ့ဖြိုးလာသည်။ | |
| ၃။ သူငယ်တန်း ကလေးများသည် သင်ယူဖွံ့ဖြိုးမှုနယ်ပယ် (၆)ခုအလိုက် သင်ယူမှု လုပ်ငန်းများကို လက်တွေ့ပြုလုပ်ကြသည်။ | ၃။ သူငယ်တန်းကလေးများသည် သင်ယူဖွံ့ဖြိုးမှုနယ်ပယ် (၆)ခု အလိုက် သင်ယူမှု လုပ်ငန်းများကို မပြုလုပ်ပါ။ | | ၃။ သူငယ်တန်းကလေးများသည် သင်ယူဖွံ့ဖြိုးမှုနယ်ပယ် (၆)ခု အလိုက် သင်ယူမှုလုပ်ငန်းများကို ရံဖန်ရံခါ ပြုလုပ်သည်။ | | ၃။ သူငယ်တန်းကလေးများသည် သင်ယူဖွံ့ဖြိုးမှုနယ်ပယ် (၆)ခု အလိုက် သင်ယူမှုလုပ်ငန်းများကို အမြဲတမ်း တက်ကြွစွာ လက်တွေ့ပြုလုပ်ကြသည်။ | |

DBE BOX

| ရည်ရွယ်ချက်များ | လက်ရှိအဆင့် အခြေခံအညွှန်းကိန်းများ (သတ်မှတ်အဆင့်အောက်) | အကဲဖြတ် | လေ့လာပြီးနောက်ပြောင်းလဲမှု ဦးစွာရရှိလာသည့် အညွှန်းကိန်းများ (ထိရောက်သင်ယူ) | အကဲဖြတ် | အကောင်းဆုံးအဆင့် မျှော်မှန်းထားသည့် တတ်ကျွမ်းမှု အညွှန်းကိန်းများ | အကဲဖြတ် |
|---|---|---|---|---|---|---|
| ၄–၁။ ကျောင်းသားအားလုံးသည် သင်ယူမှု လုပ်ငန်းများကို ထိရောက်သော သင်ထောက်ကူပစ္စည်းအမျိုးအပြားကို အသုံးပြုသည်။ | ၄–၁။ ကျောင်းသားများသည် သင်ထောက်ကူပစ္စည်း [သင်ယူရန်နေရာများတွင် ထားရှိသောပစ္စည်းများ၊ KG-Kit မှ ပစ္စည်းများ၊ ဗျည်း/ကိန်း(ကတ်၊ ကားချပ်၊ ပိုစတာများ)] များကို သုံးလေ့မရှိပါ။ အသုံးပြုပါက ကျောင်းသားအားလုံး သုံးစွဲခွင့်မရှိပါ။ | | ၄–၁။ ကျောင်းသားအားလုံးသည် သင်ခန်းစာတိုင်းကို သင်ယူရာ၌ သင်ထောက်ကူပစ္စည်းများကို အသုံးပြုကြသည်။ | | ၄–၁။ ကျောင်းသားအားလုံးသည် ထိရောက်သော သင်ထောက်ကူ ပစ္စည်းအမျိုးအပြားကို ရရှိနိုင်ပြီး ရည်ရွယ်ချက်အမျိုးမျိုးအတွက်လည်း ရွေးချယ်နိုင်သည်။ | |
| ၄–၂။ ကျောင်းသားအားလုံးသည် နေ့စဉ် သင်ယူမှုလုပ်ငန်း (၃)မျိုးတွင် ပါဝင် လုပ်ဆောင်ရင်း သင်ယူကြသည်။ | ၄–၂။ ကျောင်းသားများသည် နေ့စဉ် သင်ယူမှုလုပ်ငန်း (၃)မျိုးလုံးတွင် ပါဝင်လုပ်ဆောင်ခြင်း မရှိပါ။ | | ၄–၂။ ကျောင်းသားအားလုံးသည် နေ့စဉ် သင်ယူမှုလုပ်ငန်းများ၏ သင်ယူမှုလုပ်ငန်းများတွင် ရံဖန်ရံခါ သင့်သလို ပါဝင်လုပ်ဆောင်ရင်း သင်ယူကြသည်။ | | ၄–၂။ ကျောင်းသားအားလုံးသည် နေ့စဉ်သင်ယူမှုလုပ်ငန်းများ၏ သင်ယူမှုလုပ်ငန်း (၃)မျိုးလုံးတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ရင်း သင်ယူကြသည်။ | |
| ၅။ ကျောင်းသားအားလုံးသည် သင်ယူမှု လုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ် ဆောင်ကြသည်။ | ၅။ ကျောင်းသားအများစုသည် သင်ယူမှု လုပ်ငန်းများကို စိတ်ဝင်စားစွာ မပြုလုပ်ပါ။ | | ၅။ ကျောင်းသားများသည် သင်ယူမှုလုပ်ငန်းများကို စိတ်ဝင်စားစွာ ပြုလုပ်ကြသည်။ | | ၅။ ကျောင်းသားများသည် သင်ယူမှု နယ်ပယ်အလိုက် သင်ယူဖွံ့ဖြိုး လာကြသည်။ | |
| ၆။ သူငယ်တန်းကလေးများ ကြုံတွေ့ရနိုင်သည့် အကူးအပြောင်းကာလ အခက်အခဲများကို ကျော်လွှားလွန်မြောက်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်သည်။ | ၆။ ကလေးများသည် ကျောင်းတွင် နေသားမကျဘဲ သင်ကြားမှုကို စိတ်မဝင်စားသည့်ပြင် သင်ယူမှု လည်း မပြုလုပ်ပါ။ | | ၆။ ကျောင်းတွင် နေသားကျလာပြီး သင်ကြားမှုများကို စိတ်ဝင်စားပြီး သင်ယူသည်။ | | ၆။ စာရေး၊စာဖတ်ခြင်းဆိုင်ရာ အခြေခံ ကျွမ်းကျင်မှုများရှိပြီး ပထမတန်း တက်ရောက်သင်ယူရန် အဆင်သင့် ဖြစ်နေသည်။ | |

DBE BOX